
mgyoe.com
SAMPLE BOOK

# ၆၀ (စိုးမွား ရေးဗာဏ္ဏ ဘိုလ်)


## အိုး ပယ်လက်

ရသစာတမ်းနှင့် အခြားစာစုများ



mgyoe.com

SAMPLE BOOK




ဝေ(ဝိဟာရရေးတက္ကသိုလ်)-ထူးဖယ်
လက်


INNWA SYM021
BOOKS MICT
4000 KS

mgyoe.com

mgyoe.com
SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၃၁)

ပုံနှိပ်မှတ်တမ်း



# ဝေ၊စီးပွားရေးတက္ကသိုလ်၊

ဆူးဖယ်လက်


ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၃ ခုနှစ်၊ မတ်လ

မျက်နှာဖုံးဒီဇိုင်း ♦ မှတ်သုန်

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၇၀၀

စာအုပ်တန်ဖိုး ♦ ၄၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် ၃၀၈၊ သဘောကျောင်း ၂ လမ်း၊
သဘောကျောင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ ကိုလတ်စာပေ
အမှတ် ၂၀၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

ဝေ(စီးပွားရေးတက္ကသိုလ်)
ဆူးဖယ်လက် / ဝေ(စီးပွားရေးတက္ကသိုလ်)။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၁၂၀၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၃၁) ဆူးဖယ်လက်


mgyoe.com

mgyoe.com SAMPLE BOOK

## ၂၀၂၃ ခုနှစ်အတွင်း ထွက်ရှိပြီးသော စာအုပ်များ

(၁၈)

**နိုင်းနိုင်းစနေ**
နှလုံးသားနက်နက်မှာ
ပွင့်တဲ့ ပန်း






(၂၁)

**ရွှေဥဒေါင်း**
စစ်ရှုံးသူ

(၁၉)

**ကိုလေးမြတ်**
ကားဂိတ်





(၂၂)

**နိုင်းနိုင်းစနေ**
နေကြာပန်းလေးတစ်ပွင့်လို
ပြုံးပါ

(၂၀)

**လင်းရောင်နီ(ဓနဘော)**
ဒေါင်းမြရိ





(၂၃)

**ညီလေးငယ်**
အဝါရောင်
ကောင်းကင်

mgyoe.com

mgyoe.com SAMPLE BOOK

## ၂၀၂၃ ခုနှစ်အတွင်း ထွက်ရှိပြီးသော စာအုပ်များ



၂၄

**ပျိုး**

ဖယောင်း ဥယျာဉ်




၂၅

**သက်ပိုင်မြန်မာပြန်၊**

သမီးရတနာ



၂၆

**နှင်းနှင်းစနေ**

ပျော်ရွှင်ဖို့
ဒီလောက် မခက်ခဲပါစေနဲ့



၂၇

**ထက်ဘုန်းရှိန်**

မင်းရဲ့
ကိုယ်ပိုင်ပုံစံလေးအတိုင်းသာ

mgyoe.com

mgyoe.com SAMPLE BOOK

စာရေးဆရာဇနီးမောင်နှံ၏ ၃၁ နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်အမှတ်တရ


စာရိပ်မြုံ အမှတ်စဉ်

၃၀ နှင့် ၃၁

၃၀

သစ်ခက်အိမ်

ဘာညာကွိကွ





၃၁

၆၀၊စီးပွားရေးတက္ကသိုလ်၊

ဆုးပယ်လက်

ရသစာတမ်းနှင့် အခြားစာစုများ

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ♦ | စာရေးသူ၏ အဖွင့်အမှာ | ၉ |
| ၁။ | ဆူးဖယ်လက် | ၁၁ |
| ၂။ | မင်္ဂလာဦးမျက်ရည် | ၁၉ |
| ၃။ | နံနက်ခင်း၏ ခြေလှမ်းများ | ၂၇ |
| ၄။ | ဇာတိမာန် | ၃၄ |
| ၅။ | တိမ်မင်ခိုးနှယ် ပြောင်းလဲလွယ် | ၄၀ |
| ၆။ | စိတ်ငြိထုံး | ၄၇ |
| ၇။ | အဖြူဘေးက အရောင် | ၅၇ |
| ၈။ | တို့များငယ်ငယ်တုန်းက | ၆၅ |
| ၉။ | ရာဇဝင်အသစ် ရေးချင်သူ | ၇၄ |
| ၁၀။ | ကင်းထောက်စခန်းမှ သမီးသို့ အလွမ်း (၁) | ၈၂ |
| ၁၁။ | ကင်းထောက်စခန်းမှ သမီးသို့ အလွမ်း (၂) | ၈၅ |
| ၁၂။ | ကင်းထောက်စခန်းမှ သမီးသို့ အလွမ်း (၃) | ၈၇ |
| ၁၃။ | ဆေးရောင်ပြယ်မှာစိုးသော ပန်းချီကား | ၉၃ |
| ၁၄။ | နှင်းဆီခြေသံ | ၉၇ |
| ၁၅။ | စာဖတ်ခြင်းအနုပညာ | ၁၀၇ |
| ၁၆။ | မေတ္တာတွဲယှက် အချစ်သော့ချက် | ၁၁၄ |


mgyoe.com

mgyoe.com SAMPLE BOOK



## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

ဖခင် ဦးတင့်ထွန်း၊ မိခင် ဒေါ်မြင့်မြင့်မူတို့မှ ၁၉၇၀ ပြည့်နှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် မန္တလေးမြို့၌ မွေးဖွားခဲ့ပါသည်။ အမည်ရင်းမှာ ဝေဝေထွန်းဖြစ်ပြီး ၁၉၉၃ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ B.Com ဘွဲ့ရရှိခဲ့သည်။

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ၊ ရွှေအမြုတေမဂ္ဂဇင်း ရွှေအသစ်ကဏ္ဍတွင် ဖော်ပြခဲ့သော "မြေစိမ့်မိုး၏ မြစ်အိပ်မက်" ဝတ္ထုတိုဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။

စာရေးသက် ၁၅ နှစ်တာကာလအတွင်း မဂ္ဂဇင်း၊ ဂျာနယ်များတွင် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာ၊ အက်ဆေး စုစုပေါင်း အပုဒ်ရေ ၁၀၀ ကျော် ရေးသားပြီးဖြစ်သည်။

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ၊ မဟေသီမဂ္ဂဇင်းတွင် ဖော်ပြပါရှိသော "ဆူးဖယ်လက်" အက်ဆေးဖြင့် ၂၀၁၂ ခုနှစ်၊ သတ္တမအကြိမ်မြောက် ရွှေအမြုတေစာပေဆု (အက်ဆေးဆု)၊ ရသစာတမ်းဆုကို ရရှိခဲ့ပါသည်။

၂၀၁၃ ခုနှစ်တွင် "နှလုံးသားပေါ် သွေးတဲ့ဓား" ဝတ္ထုတိုစုစည်းမှု ထွက်ရှိခဲ့ပြီး ထိုစာအုပ်ဖြင့် ၂၀၁၃ အမျိုးသားစာပေဆု (ဝတ္ထုတိုဆု)နှင့် သဟာယစာပေဆုများ ရရှိခဲ့သည်။

၂၀၂၂ တွင် "ကြိုးကိုချည်တဲ့ ကြိုး" ဝတ္ထုတိုစုစည်းမှု၊ စာရေးသူ၏

mgyoe.com

mgyoe.com SAMPLE BOOK

ပထမဆုံး လုံးချင်းဝတ္ထုရှည်ဖြစ်သည့် "နှင်းဆီခြေသံ" စာအုပ်တို့ ထွက်ရှိထားပါသည်။

ယခုအခါ ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် အက်ဆေးများ ဆက်လက်ရေးသားလျက်ရှိပြီး အမှတ် ၃၃၈၊ ကုန်သည်လမ်း၊ ပြည်မြို့တွင် ခင်ပွန်းသည် သစ်ခက်အိမ်၊ သား N Oo L၊ သမီး ထူးတွယ်တာ စသည့် မိသားစုများနှင့် အတူနေထိုင်လျက်ရှိပါသည်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# စာရေးသူ၏ အဖွင့်အမှာ

ရသစာတမ်း လို့ ဆိုလိုက်တာနဲ့ ကျွန်မရင်ထဲမှာ ငြိမ့်ငြိမ့်စင်းစင်း စမ်းကလေး၊ တိုးတိုးသာသာ ကျေးငှက်သံ၊ ညင်းညင်းညှံ့ညှံ့ လေပြေရနံ့လေးတွေနဲ့ တွေ့ထိလိုက်ရသလို. . . စိတ်က ချက်ချင်း ကြည်အေးသွားတာပါပဲ။

ငယ်စဉ်ကာလ ရသစာတမ်းဆိုတာကို မကျွမ်းဝင်သေးခင်ကတည်းက စာလေးတွေ ဖတ်ရတာ နှစ်လိုသက်ဝင်မိတိုင်း မာတိကာကြည့်လိုက်ရင် ရသစာတမ်းလေးတွေ ဖြစ်နေတတ်တာ သတိထားမိခဲ့ရပါတယ်။ အဲဒီအချိန်ကတည်းက စွဲလန်းစိတ်ဖြစ်မှန်းမသိ ဖြစ်ခဲ့တာဟာ စိတ်ကူးအတွေးလေးတစ်ခု ရလာရင် စိတ်ထဲကနေ စာလေးတွေစီနေမိသလို တစ်ယောက်တည်းလည်း ပြုံးချင်ပြုံးနေမိတတ်ခဲ့သူဟာ ကျွန်မပါပဲ။

မဂ္ဂဇင်းလေးတွေမှာ ရသစာတမ်း(အက်ဆေး)လေးတွေကို တခုတ်တရ ရှာဖတ်တတ်လာခဲ့တယ်။ အက်ဆေးလေးတွေကို ဖတ်ပြီး စိတ်လက်ကြည်သာဖြစ်ရတဲ့အခါရှိသလို အတွေးတွေဆန့်၊ စိတ်ကူးတောင်ပံတွေ ခတ်နေမိချိန်လည်း ရှိလာပါတယ်။

ကိုယ်တိုင် စာလေးတွေ စရေးဖြစ်လာတော့လည်း ဝတ္ထုတိုတွေ အရေးများခဲ့ပေမယ့် စိတ်ထဲမှာ အတွေးနဲ့ ရေးနေမိတာတွေက ရသစာတမ်းလေးတွေ ဖြစ်နေခဲ့ပြန်တာပါ။

mgyoe.com

mgyoe.com SAMPLE BOOK

ရသစာတမ်းလို့ပဲခေါ်ခေါ် အက်ဆေးလို့ပဲဆိုဆို ချစ်စရာစာလေးတွေဟာ ဖတ်လိုက်ရရင် စာရေးသူက သူ့ရဲ့အတွေးလေးတွေ၊ သူ့အတွေ့အကြုံလေးတွေကို ရင်းရင်းနှီးနှီး ပခုံးဖက်ပြောပြနေသလို နွေးထွေးလှပါတယ်။

ဒီလိုနဲ့ ကျွန်မ ရသစာတမ်းလေးတွေကို ပိုပြီးချစ်လာသလို စမ်းရေးရင်းရေးရင်း နှစ်လိုစိတ်နဲ့ တစ်ပုဒ်ပြီးတစ်ပုဒ် ရေးမိလာပါတယ်။

တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ဝတ္ထုတိုပေါင်းများစွာ ရေးပြီးခဲ့သူ (အများက ဝတ္ထုတိုရေးသူအဖြစ် အသိအမှတ်ပြုခံရသူ) က ဘဝရဲ့ပထမဆုံး မှတ်တိုင် ရွှေအမြုတေ စာပေဆုကို ရခဲ့ပြန်တော့လည်း (အဲဒီအချိန်က) သုံးလေးပုဒ်သာ ရေးသားမိသေးတဲ့ ရသစာတမ်းဆု ဖြစ်နေခဲ့တာ အံ့ဩစရာပါ။

ခုတော့ ကျွန်မချစ်တဲ့ ရသစာတမ်းလေးတွေ စုစည်းမှုစာအုပ် ဖြစ်လာခဲ့ပါပြီ။ စာရေးသူတစ်ယောက်အတွက် အမှတ်တရဖြစ်ရုံသာမက ဆက်ရေးချင်သေးတဲ့၊ စိတ်ထဲမှာ စာစီနေမိတဲ့ ရသစာတမ်းလေးတွေအတွက်ပါ ခွန်အား၊ တွန်းအား ဖြစ်ရပါတယ်။

အဲ့ဒီအတွက် စာအုပ်လေးဖြစ်မြောက်အောင် စီစဉ်ထုတ်ဝေတဲ့ စာရိပ်မြိုင်စာပေကို ကျေးဇူးတင်ရသလို စာဖတ်သူအားလုံးကိုလည်း နှလုံးသားထဲက လှိုက်လှိုက်လှဲလှဲ ကျေးဇူးစကားဆိုပါရစေ။

*လေးစားချစ်ခင်စွာ. . .*

ဝေ၊စီးပွားရေးတက္ကသိုလ်၊

၁၁-၃-၂၀၁၃

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# ဆူးဖယ်လက်

သင် ဆူးစူးဖူးပါသလား။

အသားမှာစူးသော ဆူး၊ စိတ်မှာစူးသော ဆူး။ မည်ကဲ့သို့ဆူးမျိုးဖြစ်စေ၊ လူတိုင်း ဘဝ၏ တစ်ချိန်ချိန်မှာတော့ ဆူးစူးဖူးကြလိမ့်မည် ထင်ပါသည်။

အသားထဲနစ်ဝင်သွားသော ဆူးကလေးသည် သေးသေးလေးပဲ ဖြစ်ပါစေ။ သေးပင်သေးသော်ငြား အောင့်သက်သက်နှင့် အခံရခက်လှ၏။ ထို့အတူ စိတ်မှာစူးသည့် ဆူးကလည်း ဖွဖွလေးပင် ဖြစ်စေဦး။ မျက်တက်တက်နှင့် အခံရခက်သည်ပင်။

ဆူးစူးလျှင် သင်ဘာလုပ်မည်နည်း။

သေးငယ်သော ဆူးကလေးသည် ခွဲစိပ်ထုတ်ရလောက်သော အခြေအနေ မဟုတ်သော်လည်း ဒီအတိုင်းထားလျှင်တော့ ထိလိုက်မိတိုင်း တမျက်မျက်နှင့်။ အချိန်ကြာလျှင်တော့ အသားထဲမှာ အလိုအလျောက် ဆွေးမြေ့ပျောက်ကွယ် သွားပေလိမ့်မည်။ သို့သော်လည်း နာကျင်ခံခက်ရမည့် တမျက်မျက်ကာလသည် ဘယ်လောက်ကြာမည် မသိနိုင်။

သို့မဟုတ် တမျက်မျက်ဒဏ်ကို ကြာကြာမခံချင်ပါက အပ်နှင့် ထွင်းလိုက်လျှင်တော့ ဆူးစူးတာထက် နည်းနည်းပိုနာကောင်း နာလိမ့်မည်။ ဆူးဖယ်ပြီးသည်နှင့် တစစ်စစ်ဒဏ် မခံရတော့ဘဲ ချက်ချင်းရှင်းလင်း သက်သာသွားနိုင်မည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆူးဖယ်မည့်လက်က ကျွမ်းကျင်မှုလုံလောက်ဖို့တော့ လိုသည်ပေါ့။ မဖယ်တတ်လျှင် ပိုပြီးနစ်ဝင်သွားနိုင်၏။ နက်နက်ရှိုင်းရှိုင်း စိုက်သွားစေနိုင်၏။ သက်သာအောင်လုပ်ကာမှ ရောဂါပိုတိုးကာ အခံရဆိုးနိုင်၏။

ထိုသို့ သတိကြီးကြီးထားရမည့် အရေးပါလှသော ဆူးဖယ်လက်သည် ကျွန်မကိုယ်တိုင် ဖြစ်လာရသောအခါ. . . ။

❑

အသားအရေမှာ စူးသည့်ဆူးသည် မြင်သာထင်သာရှိသော်လည်း စိတ်မှာစူးသည့် ဆူးကတော့ မြင်နိုင်ဖို့မလွယ်လှပါ။

မူလတန်းကျောင်းသူ ကျွန်မသမီးငယ်လေး၏ စိတ်တွင် စူးဆူးနေမှန်းသိလိုက်ရသည့် တစ်နေ့က ကျွန်မ အလွန်ပင် စိုးထိတ်မိခဲ့ရပါသည်။

ကျွန်မတို့က "မိဘဆရာပူးပေါင်း၊ ကလေးပညာကောင်း" ဆိုသည့်ဆောင်ပုဒ်ကို ငယ်စဉ်ကပင် မှတ်သားခဲ့ဖူးကြသူတွေပါ။

အနာဂတ်၏ သားကောင်းရတနာဖြစ်သော ကလေးငယ်များ၏ ပညာရေးသည်လည်း ပေါ့ပေါ့တန်တန်ကိစ္စ မဟုတ်မှန်း ရှေးဦးမဆွကတည်းက လက်ခံထားပါသည်။ တိုင်းပြည်၏အနာဂတ်သည် လူငယ်တို့လက်ထဲတွင် ရှိသည်ဟုပင် ဆိုကြသည် မဟုတ်လား။

ကလေးတို့၏ အနာဂတ်ကို လမ်းပြပဲ့ပြင်၊ မြှင့်တင်ပေးရန်မှာ လူကြီးမိဘ၊ ဆရာသမားတို့၏ အမျိုးသားရေးတာဝန် တစ်ရပ်ဟုပင် ကျွန်မက ခံယူကျင့်သုံးချင်သူပါ။

သည်တော့ ကျွန်မက သားနှင့် သမီးကိုလည်း နည်းမှန်သော မိဘဆရာပူးပေါင်းမှုမျိုးဖြင့် လမ်းပြဦးဆောင်မှုပေးနိုင်အောင် ကြိုးစားခဲ့၏။ သားက အထက်တန်းကျောင်းသား။ ကျောင်းစာမှာ အသင့်အတင့်သာရှိသူမို့ ထွေထွေထူးထူးပြဿနာမရှိလှပါ။

သမီးငယ်ကတော့ မူလတန်းကျောင်းကလေးမှာ ပညာထူးချွန်သူမို့ လှုပ်လှုပ်ခတ်ခတ် ရှိလှ၏။ ပထမ၊ ဒုတိယ၊ တတိယ အဆင့်များကို အပြိုင်အဆိုင်လုနေရ၏။

အပြိုင်အဆိုင်ရှိသည်မှာ ထိုက်သင့်သလောက်တော့ ကောင်းပါသည်။ အပြိုင်အဆိုင်ရှိမှ တိုးတက်မည်။ ကြိုးစားမှုပိုလာမည်။ ဝိရိယလျှော့၍မရ။ ဇွဲကောင်းရမည်။ သတိရှိရမည်။ သို့မှလည်း ကိုယ်ရည်ကိုယ်သွေး ပိုတက်လာမည်။

mgyoe.com

mgyoe.com
SAMPLE BOOK

မှန်ကန်သော လမ်းကြောင်းပေါ်မှာသာဆိုလျှင် ပြိုင်ဆိုင်မှုရှိသင့်သည်ဟု ကျွန်မ ထင်ပါသည်။

သို့ပေမယ့် ပြိုင်ဆိုင်မှုသည် အတိုင်းအတာတစ်ခုကို ကျော်လွန်လာပြီဆိုပါက စိုးရိမ်စရာ အခြေအနေတစ်ခုက စောင့်ကြိုနေမှန်း ကျွန်မတို့ တော်ရုံသတိမမူမိခဲ့ကြ။

ပြိုင်ဆိုင်မှု အားကြီးလာလျှင် မနာလိုဝန်တိုမှုတွေ ပေါက်ဖွားလာတတ်၏။ မလိုတမာ သံသယတွေ ကြီးထွားလာတတ်၏။ တွန်းတိုက်မှုလမ်းကြောင်းတွေ လွဲချော်လာတတ်၏။

ထို့ပြင် သတိမရှိလျှင်၊ အသိမမှန်လျှင် မှားယွင်းသော မိဘဆရာ ပူပေါင်းမှုမျိုးသို့ပင် ရောက်သွားနိုင်သေးသည် မဟုတ်ပါလား။

❑

တစ်နေ့မှာတော့ ပညာရည်မှတ်တမ်း ကိုင်လာသော သမီးလေးက မျက်နှာငယ်ငယ်နှင့် ကျွန်မကို အယူခံဝင်ပါသည်။

"မေမေ သမီးကို စိတ်မဆိုးနဲ့နော်။ ဒီတစ်လလည်း သမီး ဒုတိယပဲ ရပြန်ပြီ။ သန္တာနဲ့သမီး အဖြေတိုက်တိုင်း သန္တာမှားနေတဲ့ ဘာသာတွေက အမှတ်ထွက်လာတော့လည်း အမြဲတစ်ရာအပြည့်ချည်းဘဲ ဖြစ်နေတယ်မေမေ။ ရိပို့ကတ် ထွက်လာတော့မှ သန္တာက အံ့ဩသလို ပျော်သွားပြီး ရယ်ကျဲကျဲနဲ့ နင့်ကိုငါ အလကားစတာလို့ ပြောတယ်။ သူက အမြဲတမ်း အမှားမရှိဘဲ အမှတ်ပြည့် ရနေတော့ ပထမချည်းပဲ ဖြစ်နေတာပေါ့။ အဲဒါ မေမေလည်း ဆရာမဆီကို ဘာလေးညာလေးနဲ့ သွားလိုက်ပါဦး. . ."

ဘုရားရေ။ သမီးစကားကြားတော့ ကျွန်မ မျက်လုံးပြူးသွားရ၏။ သမီးစိတ်ထဲမှာ ဘယ်လို သံသယတွေ၊ ဘာကြောင့်များ ဆူးတစ်ချောင်းလို စိုက်ဝင်နေပါလိမ့်။ မသင်္ကာစရာ ကိစ္စတစ်ခုခု တွေ့ခဲ့လို့များ သည်လိုစကားမျိုး သမီး ပြောလာလေသလား။

ဘာပဲဖြစ်ဖြစ် သမီး၏ နှလုံးသားနုနုထဲသို့ စိုက်ဝင်လာသည့် ဆူးတစ်ချောင်းကို ကျွန်မက မိခင်ကောင်းပီသစွာ နည်းမှန်လမ်းမှန် ဆွဲထုတ်ပေးနိုင်မှ ဖြစ်တော့မည်။ ဒီကိစ္စက လွယ်မယောင်နှင့် အလွန်သိမ်မွေ့နက်နဲပါသည်။

စူးနေသည့်ဆူးကို ဆွဲထုတ်သည့် နည်းလမ်းမမှန်လျှင် ပို၍နစ်ဝင်သွားမည် မဟုတ်လား။ ကျွန်မက ဆူးကို ပိုနစ်အောင် ဖိသွင်းလိုက်သည့် မိုက်မဲသော

mgyoe.com

mgyoe.com SAMPLE BOOK

မိခင်မျိုး မဖြစ်စေရ။ အသာအယာ ဆွဲနှုတ်နိုင်မည့် ပညာရှိသူသာ ဖြစ်ချင်ပါသည်။

"ဆရာမက အမှတ်ပေးစည်းမျဉ်းနဲ့ အမှတ်ခြစ်ရတာပါ သမီးရယ်။ သန္တာက သမီးကို သူမှားတယ်လို့ ညာညာပြောပြီး နောက်ဖြေရမယ့် ဘာသာတွေမှာ သမီးပေါ့အောင် ဉာဏ်ဆင်တာလည်း ဖြစ်နိုင်တာပဲ။ သူများအမှားကို စောင့်ဖမ်းမနေနဲ့ သမီး။ ကိုယ်မမှားအောင်သာ ဂရုစိုက်ပါ။ ဆရာမအပေါ် လည်း ဂါရဝတရား မပျက်စေနဲ့။ သီတင်းကျွတ်ကျရင် လူကြီးမိဘ၊ ဆရာသမားတွေကို ကန်တော့နေကျ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာအတိုင်း သမီးဆရာမကို ကန်တော့ဖို့ မေမေစီစဉ်ပေးမှာပါ။ ဒါပေမဲ့ အချိန်အခါမဟုတ် ဆရာမကို ဟိုဟာပေး၊ ဒီဟာပေးနဲ့ လိုချင်တာရှိလို့ ဖားတာဟာ ဂါရဝတရားမဟုတ်ဘူး သမီး။ ဆရာမတွေလည်း ကြိုက်မယ် မထင်ပါဘူး။ အသိဉာဏ်နည်းသူတွေရဲ့ လုပ်ရပ်မှားကို ကိုယ်က လိုက်မလုပ်သင့်ဘူး။ မေမေက သမီးကို ပထမချည်းပဲ ရရမယ်လို့ ဘယ်တုန်းက ဖိအားပေးဖူးလို့လဲ။ သမီးမှာ လုံလောက်တဲ့ ကြိုးစားမှုရယ်၊ မှန်ကန်တဲ့ အတွေးအခေါ် ရယ် ရှိရင် မေမေက ကျေနပ်ပါပြီ"

သည်လိုနှင့် သမီးရဲ့ နှလုံးသားနုနုမှာ စူးနေသည့် ဆူးတစ်ချောင်းကို ကျွန်မ အသာအယာ ဆွဲနုတ်ပေးလိုက်ပါသည်။ သမီးကလည်း ကျေနပ်ဟန်ဖြင့် ခေါင်းလေးညိတ်ပါ၏။ သမီး၏ ဆူးဒဏ်ရာလေး သက်သာပျောက်ကင်းသွားလိမ့်မည်ဟုလည်း ယုံကြည်လိုက်မိသည်။

❑

အလယ်တန်း ရောက်လာပြီးသည့်တစ်ရက်. . . ကျောင်းမှပြန်လာသော သမီးက ကျောင်းမှာ စာစီစာကုံးပြိုင်ပွဲရှိသည်မို့ ကျွန်မကို ရေးပေးဖို့ ပူဆာပါသည်။ ဆရာမတွေကိုက "မိဘတွေ ရေးပေးနိုင်တယ်" ဟု ကြေညာသည်တဲ့။ ဒါဆို ဘာလဲ။ ကျောင်းသူကျောင်းသား စာစီစာကုံးပြိုင်ပွဲလား။ ကျောင်းသားမိဘ ပြိုင်ပွဲလား။

"ဟင့်အင်း သမီး။ မေမေကိုယ်တိုင် ငယ်ငယ်က စာစီစာကုံးပြိုင်ပွဲဆို လူကြီးတွေကို မရေးခိုင်းဘဲ ကိုယ့်ဘာသာပဲ လက်တန်းရေးခဲ့တာ။ ဘယ်တော့မှ ဆုမရလည်း ဘယ်တုန်းကမှ မသိမ်ငယ်ခဲ့ဖူးဘူး"

"မေမေ ရေးပေးရင် ဆုရမှာသေချာတယ် မေမေ။ တခြားသူတွေလည်း သူတို့အမေကို ရေးခိုင်းကြမှာ. . . " ဟု သမီးလေးက မျက်ရည်တလဲ့လဲ့နှင့် ပူဆာသော်လည်း သည်နေရာမှာတော့ သမီးမျက်ရည်ကို ကျွန်မ ဥပက္ခာပြုရတော့မည်။

"မေမေ ရေးမပေးနိုင်ဘူး သမီးရယ်။ ဒီလို သူများရေးပေးပြီး ရမယ့်ဆုကို

mgyoe.com

mgyoe.com SAMPLE BOOK

သမီး ယူရမှာ မရှက်ဘူးလား။ သမီးကို မေမေဝယ်ပေးထားတဲ့ စာစီစာကုံးစာအုပ်တွေ ရှိသားပဲ။ လိုသေးရင်လည်း စာအုပ်ဆိုင်ပြေးပြီး ထပ်ဝယ်ပေးမယ်။ အဲဒါတွေဖတ်၊ အချက်အလက်တွေစု၊ ရှေ့နောက်စီပြီး သမီးရေးကြည့်၊ မေမေစစ်ပေးမယ်. . . ” ဟု ကျွန်မ ပြတ်ပြတ်သားသား ပြောလိုက်ပါသည်။

“မေမေက သမီးအတွက် လမ်းပြပေးသူပဲ ဖြစ်ချင်တယ်။ လမ်းဖောက်မပေးချင်ဘူး။ ကိုယ့်လမ်းကိုယ်ဖောက်ရတာ သူများဖောက်ပေးတဲ့လမ်း လျှောက်ရတာထက် ပိုပင်ပန်းကောင်းပင်ပန်းလိမ့်မယ်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် အားကိုးမှု၊ ယုံကြည်မှု၊ စိတ်ချသေချာမှုတွေမှာတော့ ကိုယ့်လမ်းကိုယ်ဖောက်သူကို ဘယ်သူမှ မယှဉ်သာဘူး သမီး. . . ”

ကျွန်မ၏ ရပ်တည်ချက်သည် သမီးအတွက် လောလောဆယ်မှာတော့ စိတ်ပျက်အားငယ်စရာ ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ စာစီစာကုံးစာအုပ်တွေကြားမှာ ခေါင်းမဖော်နိုင်အောင် သမီးလေး ဗျာများနေတော့ ကျွန်မက သမီးနားမှာ အသည်းမာမာ ထားကာ စောင့်ကြည့်လို့သာ နေခဲ့ပါသည်။ သူ့ဘာသာစုထားသော အချက်အလက်များကို သူကိုယ်တိုင်ရေးပြီးခါမှ ကျွန်မက စစ်ရုံသာစစ်ပေးခဲ့၏။

အဲသည် စာစီစာကုံးပြိုင်ပွဲမှာ သမီးလေး ဆုမရခဲ့ပါ။ သို့ပေမဲ့ ကိုယ့်အားကိုယ်ကိုးတတ်သွားမည့် သမီးအတွက် ကျွန်မ ကျေနပ်ပါသည်။ သမီးလေး သူ့ဘဝကို သူကိုယ်တိုင် စာစီကုံးရသည့်တစ်နေ့မှာ လှပသော စိတ်ကူးအတွေးများနှင့် သေသပ်ကျနသည့် စာတစ်ပုဒ်အဖြစ် ဖန်တီးတည်ဆောက်နိုင်လိမ့်မည်ဟုလည်း ကျွန်မ ယုံကြည်မိပါသည်။

❑

လပတ်စာမေးပွဲဖြေပြီး ပြန်လာသောတစ်နေ့မှာ သမီးက ကျွန်မကို တစ်ခု ပူဆာပြန်၏။

“မေမေ. . . သုံးဆင့်တွက်ရမယ့် ပုစ္ဆာတစ်ပုဒ်ကို သမီးနှစ်ဆင့်ပဲ တွက်ခဲ့မိတယ်။ အဖြေတိုက်ကြည့်တာတော့ မှန်တယ် မေမေ။ အလယ်ဆင့်ကို သမီးက တွက်မပြဘဲ စိတ်နဲ့တွက်ပြီး အဖြေတန်းရေးမိတာ။ လုပ်ပါဦး မေမေရယ်။ ဆရာမကို သွားပြောပေးပါဦး”

“ဟယ် သမီးရယ်။ သုံးဆင့်တွက်ရမယ့်ပုစ္ဆာဆို သုံးဆင့်တွက်မှ အမှတ်ပြည့်ရမှာပေါ့”

“ဟင့်အင်း မေမေ။ သင်္ချာအမေဆို ဒီလိုမျိုး သွားသွားပြောပေးလို့ သင်္ချာ

mgyoe.com

mgyoe.com SAMPLE BOOK

အမှတ်တွေ အမြဲပြည့်နေတာ. . .။ အရင်တစ်လကလည်း သူ အဆင့်ကျော်တွက်တာကို ဒီလိုပဲ သူ့အမေ သွားပြောတာ အမှတ်ပြည့်ရသွားတယ်လေ”

ပြောရင်းဆိုရင်း သမီးက မျက်ရည်များ ကျလာပါသည်။ သမီးစိတ်ထဲမှာ သူ့အမေက သန္တာ့အမေလောက် အားမကိုးရဟု အပြစ်တင်ချင်ပုံပါ။ သည်တော့မှ သမီးနှလုံးသားကို ဆူးတစ်ချောင်း နစ်ဝင်နေတာ ပြည်တောင်တည်နေပါပကောဟု ကျွန်မ သိရပါသည်။ ကျွန်မမှာ အသာအယာ ဆွဲထုတ်ပေးနိုင်ဖို့ ကြိုးစားရပြန်ပါ၏။

ကျွန်မက အမှားလုပ်မိတာဟာ ကြောက်စရာ မဟုတ်ကြောင်း၊ အမှားရှိမှ အမှန်ကိုသိလာမည်ဖြစ်ကြောင်း၊ အမှားကို အတင်းအမှန်လုပ် ငြင်းခုန်ခြင်းက အမှန်နှင့် ပိုဝေးစေကြောင်း၊အမှားကိုသိပြီး အမှန်ပြင်နိုင်မှသာ တန်ဖိုးရှိကြောင်း၊ စိတ်ရှည်လက်ရှည် ရှင်းပြရပါသည်။

သမီး၏အမှားတွေကို ပြင်ဆင်မပေးဘဲ လိုက်လံဖုံးဖိပြီး အမှတ်တောင်းပေးနေသည့် လုပ်ရပ်မှာ ကလေးကို ချစ်ရာမရောက်၊ နှစ်ရာရောက်နေသည်ကိုလည်း သမီးနားလည်လောက်မည့် ပုံကလေးများ ဥပမာပေး၍ ရှင်းပြရ၏။

မိခင်တစ်ယောက်သည် ကလေး၏အမှားကို ပြင်ဆင်တတ်အောင် သွန်သင်ပေးရမည်သာ ဖြစ်သည်။ အမှားကို လက်တစ်လုံးခြား အမှန်ဖြစ်အောင် လိုက်ပြင်ပေးရုံနှင့် မိခင်ကောင်း မဖြစ်နိုင်ဟု ထင်ပါသည်။

ကျွန်မကတော့ မမှန်ကန်သောနည်းလမ်းဖြင့် အမှားများကို ဖုံးအုပ်ကာကွယ်ပေးပြီး သမီးလေး၏ အနာဂတ်ကို မဖျက်ဆီးမိချင်ပါ။

အမှန်တော့ ကလေးတွေက အပြစ်ကင်းစင်ပြီး ရိုးသားဖြူစင်ကြပါသည်။ ဖြူစင်ရိုးသားသော ကလေးတွေကိုသာ လူကြီးမိဘများက အရောင်မဆိုးမိစေရန် သတိပြုရမည်။

ကျွန်မပတ်ဝန်းကျင်မှာ မြင်ရသလောက်တော့ “ကလေးတွေက တော်တော်၊ မိဘတွေက ကဲကဲ” ဖြစ်နေကြ၏။ အတန်းထဲမှာ အဆင့်တစ်ရဖို့၊ ကျောင်းဆုပေးပွဲမှာ ဆုတံဆိပ်တွေ ပိုင်ဆိုင်ဖို့ နည်းပေါင်းစုံနှင့် မိဘများက လုံးပန်းနေသည့်နောက်ကို ကလေးတွေက ဖတ်သီဖတ်သီနှင့် လိုက်နေရသည်ဟု မြင်မိသည်။

ကျွန်မတို့ငယ်ငယ်ကတော့ ကျောင်းသားတစ်ယောက် စာတော်ခြင်းသည် သူ၏ပင်ကိုအရည်အသွေးနှင့် သူ့ကြိုးစားအားထုတ်မှု သက်သက်သာ ဖြစ်ခဲ့၏။ မိဘများက မတွန်း၊ ဖိအားလည်းမပေး။ ကိုယ်တိုင်စိတ်ပါမှသာ စာတော်သူ

mgyoe.com

mgyoe.com
SAMPLE BOOK

တစ်ယောက် ဖြစ်လာရသည်။ မည်မျှဉာဏ်ကောင်းပါစေ၊ စာကိုစိတ်မဝင်စားသော ကလေးက မိဘပယောဂဖြင့် ဆုရသည့်စာရင်း ဝင်လာလေ့ မရှိခဲ့။

ခုခေတ်မှာတော့ ကလေး၏ ပင်ကိုယ်အရည်အချင်းနှင့် စိတ်အားထက်သန်မှုက နည်းနည်း၊ မိဘတွေ၏ ယောက်ယက်ခတ်မှုက ပိုများနေလေသလားဟု ကျွန်မ မြင်မိပါသည်။ သည်တော့ ဆရာ၊ ဆရာမတွေဆီ ချဉ်းကပ်ပုံတွေကလည်း အဘယ်မှာ နည်းမှန်ပါတော့မည်နည်း။

ပညာရေးစနစ်ကြီးကို ဝေဖန်နေမည့်အစား၊ ဆရာတွေ မကောင်းကြောင်း စကားတင်းဆိုမည့်အစား မိဘများက ပထမဦးဆုံး ရပ်တည်ချက် မှန်ကန်စေဖို့ ကြိုးစားသင့်သည်ဟု ကျွန်မ ထင်ပါသည်။ "လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘ" ဟု အဆိုလည်း ရှိသည်မဟုတ်လား။

မိဘများသည် ဆရာများနှင့် ပူးပေါင်းရာတွင် မှန်ကန်သော စိတ်စေတနာမျိုးဖြင့်သာ ကလေးငယ်များ၏ အနာဂတ်ကို ပိုမိုတောက်ပစေသင့်ပါသည်။

❑

ခု နောက်ပိုင်းတွင် သမီးလေးရှေ့မှာ ဆရာ၊ ဆရာမများအကြောင်း စကားတင်း မဆိုမိစေရန် ကျွန်မ အထူးသတိပြုမိရသည်။

ခုခေတ်ကလည်း ကျောင်းသားမိဘအချင်းချင်း တွေ့သည်နှင့် ဆရာ၊ ဆရာမအကြောင်းက မပါလျှင်မပြီးသည့် ခေတ်စားလှသော ခေါင်းစဉ်ဖြစ်နေ၏။ ကလေးတွေကိုယ်တိုင်ကလည်း "ဆရာမက ဘယ်သူ့ဆို မျက်နှာလိုက်တာ၊ ဘယ်ဝို့တော့ ဘယ်လောက် အပြစ်လုပ်လုပ်၊ ဗွေမယူ၊ ဘယ်သူက အမှတ်လျော့တာကို စာဒကသွားတက်တာ ရလာပြန်ပြီ" နှင့် အိမ်ရောက်လျှင် မိဘတွေကို ဖောက်သည်ချတတ်သည်လေ။

အမှန်တော့ လက်ချောင်းကလေးများအားလုံး မညီသကဲ့သို့ ဆရာ၊ ဆရာမ အားလုံး အထွတ်အထိပ်ရောက်အောင် စိတ်စေတနာ ပြည့်ချင်မှ ပြည့်ပါလိမ့်မည်။ သို့ပေမဲ့ စေတနာဆိုးနှင့် သူယုတ်မာစိတ်ကတော့ အာစရိယဂုဏောနှင့် မည်သို့မှ မအပ်စပ်သည်မို့ ဆရာဖြစ်လာသူတိုင်း သည်လိုစိတ်တော့ ရှိမည်မထင်ပါ။

သည်တော့ ဆရာတော်ကြီးများ၏ အဆုံးအမထဲကလို "ဒကာ၊ ဒကာမတွေသည် သံဃာ့ဂုဏ်မစောင့်ထိန်းသော သံဃာတစ်ပါးတစ်လေကို မြင်ပြီး သံဃာတော်များအပေါ် သိမ်းကျုံး အကြည်ညိုပျက်ကာ မထိမဲ့မြင်၊ မရိုမသေပြုမိပါက

mgyoe.com

mgyoe.com SAMPLE BOOK

အရိယာသံဃာများကို ပြစ်မှားမိပါလျှင် မင်္ဂတားဖိုလ်တားဖြစ်မည် စိုးလှပါကြောင်း၊ သံဃသရဏဂစ္ဆာမိ ဆိုသည်မှာ ဘုရားအဆုံးအမကို ယနေ့ကာလအထိ စောင့်ထိန်းသယ်ဆောင်လာပေးသော သံဃာတော် အရှင်သူမြတ်များ၊ အရိယာများကို ရည်စူးအာရုံပြု၍ စိတ်ရှင်းသန့်စွာ ကုသိုလ်ယူကြရန်. . . " တိုက်တွန်းခဲ့သလိုပါပဲ။

"အာစရိယဂုဏော အနန္တော" ဟု ဆိုရာမှာလည်း စေတနာသုံးတန် ပြဋ္ဌာန်း၍ ဆရာ့ဂုဏ်အပြည့်ရှိသော ဆရာများကို အာရုံပြုကြည်ညိုရမည်သာ ဖြစ်ပါသည်။

သို့ကြောင့် သမီးက "ဆရာမက မျက်နှာလိုက်တယ် မေမေ. . . " ဆိုသော စကားမျိုး ပြောလာချိန်တွင် ကျွန်မက သမီးနောက်ကို ယောင်ဝါးဝါးနှင့် လိုက်ပြီး ဆရာ၊ ဆရာမ မကောင်းကြောင်းပြောမည့် မိဘမျိုး မဖြစ်ရအောင် သတိကြီးကြီး ထားရပါလိမ့်မည်။

အနာဂတ်၏ အဖိုးတန်ရတနာဖြစ်သော ကလေးများ၏နှလုံးသားကို ဆူးများ ထပ်မစူးစေချင်ပါ။ အကယ်၍ စူးလာခဲ့လျှင်လည်း ပိုမိုနက်ရှိုင်းစွာ စိုက်ဝင်သွားစေမည့် လက်မျိုးရှိသည့် မိခင်တစ်ယောက် မဖြစ်ချင်ပါ။

ကျွန်မ၏ လက်အစုံသည် သမီးလေးအတွက် ကျွမ်းကျင်လိမ္မာသော ဆူးဖယ်လက်သာလျှင် ဖြစ်ချင်မိပါသည်။

မဟေသီမဂ္ဂဇင်း
ဖေဖော်ဝါရီလ၊ ၂၀၁၂ ခုနှစ်။
၂၀၁၂ သတ္တမအကြိမ်မြောက်
ရွှေအမြုတေစာပေဆု(ရသစာတမ်းဆု)

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# မင်္ဂလာဦးမျက်ရည်

နံနက်မိုးမလင်းခင် . . ၊ အရုဏ်ကျင်း၍ အလင်းမလာမီ အချိန်ကာလကလေး။

ကျွန်မဘဝတစ်လျှောက်မှာ ဒီလိုအချိန်မျိုး သိပ်များများစားစားတော့ မကြုံဆုံခဲ့ရဖူးပါ။ သို့ပေမဲ့ ကြုံခဲ့ရသမျှ အရုဏ်မလာမီ မလင်းတဲ့ လင်းတဲ့ ဒီလို အချိန်မျိုးထဲမှာတော့ ယနေ့မနက်လောက် ကြည်နူးပီတိဖြစ်ရသောနေ့ မရှိခဲ့ဖူးတာ သေချာပါသည်။

❑

အသိစိတ်တစ်ခု၏ အလိုအလျောက် လှုံ့ဆော်မှုကြောင့် ဖျတ်ခနဲ နိုးလာလာချင်း နဘေးမှနာရီလေးကို ကောက်ယူကြည့်လိုက်မိ၏။ ညအိပ်မီးသီးအရောင် ပြာလဲ့လဲ့အောက်မှ နာရီလက်တံလေးနှစ်ခုက လေးနှင့် ဆယ့်နှစ် ဂဏန်းနှစ်ခုမှာ တိတိကျကျ ညွှန်ပြလို့နေသည်။

နှိုးစက်ကလေးက အသံတော့ မမြည်သေး။ ညက လေးနာရီဆယ်မိနစ်မှာ သံပတ်ပေးထားတာမို့ အသံမြည်ရန် ဆယ်မိနစ်လိုသေးသော်လည်း နှိုးစက်ခလုတ်ကိုပိတ်ကာ အိပ်ရာမှ အသာအယာပင် ထလိုက်တော့သည်။ နှိုးစက်အသံကြောင့် သားနှင့်သမီးကို အနှောင့်အယှက် မဖြစ်စေချင်ပါ။ ကလေးတို့အဖေကိုလည်း မနိုးစေချင်သေးပါ။

mgyoe.com

mgyoe.com
SAMPLE BOOK

ခုလည်း ထလိုသောအချိန်ထက် ဆယ်မိနစ်သာ စောတော့သည်။ ထို့ထက်ပို၍ အိပ်ရေး နည်းနည်းပျက်လျှင်ပင် မူးချင်တတ်သော ခေါင်းကလည်း အလွန်ပင် ကြည်လင်ကာ မျက်လုံးများကလည်း ကျိန်းစပ်ခြင်း အလျဉ်းကင်းနေလေသည်။

မိမိ၏ ကိုယ်စိတ်နှစ်ပါးစလုံး လန်းဆန်းနေကာ ကျေနပ်မှုမှ ဖြစ်လာရသော ကြည်နူးမှုလှိုင်းများကလည်း တစ်ကိုယ်လုံး တငြိမ့်ငြိမ့် လွှမ်းခြုံကာ တစ်ကိုယ်တည်း ပြုံးတအိအိ ဖြစ်ရလေသည်။

လွန်ခဲ့သော အနှစ်နှစ်အလလကတည်းက ကျွန်မ မျှော်လင့်တောင့်တခဲ့ရသော မနက်ခင်းကလေးကိုဖြင့် ရောက်လာရလေပြီ။

အိပ်ခန်းထဲမှ ထွက်လာပြီး မျက်နှာကို အရင်ဆုံးသစ်လိုက်တော့ မိုးအကုန် ဆောင်းအကူးမှာ အုတ်ကန်လေးထဲမှ ညသိပ်ရေက ကြည်လင်နေပြီးသော ကျွန်မ၏စိတ်ကို တက်ကြွရွှင်လန်းသွားစေပါတော့သည်။

အသွက်လက်ဆုံး သွားတိုက်ပြီးလျှင်တော့ သနပ်ခါးရေကျဲကို ကပျာကသီ ပွတ်ကာ ချည်ဝမ်းဆက် ခပ်လတ်လတ်တစ်စုံနှင့် ညဝတ်ကို လဲလှယ်လိုက်၏။

"ကိုရေ. . . ထတော့ ထတော့။ လေးနာရီကျော်နေပြီ။ တော်ကြာနေ သူတို့ရောက်လာကြတော့မှာ။ အိမ်ရှင်ဖြစ်ပြီး ကိုယ်က အဆင်သင့်မဖြစ်သေးရင် အားနာစရာကြီး။ သားနဲ့သမီးကိုတော့ လင်းခါနီးလောက်မှပဲ နှိုးကြတာပေါ့. . ."

ဆတ်ခနဲ ထထိုင်လိုက်သော ခင်ပွန်းသည်ကို ကြည့်ပြီး အအိပ်မက်သော ကျွန်မနှင့် စောစောထတတ်သော "သူ"။ ပြောင်းပြန်ဖြစ်နေသည်ကို သဘောကျကာ အသံထွက်အောင်ပင် ပြုံးရယ်မိတော့ သူက မျက်မှောင်ကျုံ့ကာ စူးစမ်းကြည့်ကြည့်၏။

စိတ်ပျော်ရွှင်လွန်းနေ၍ နှစ်နှစ်ခြိုက်ခြိုက်ပင် ထပ်ပြုံးပြလိုက်တော့မှ သူကပါ နားလည်ပြုံး ပြုံးကာ ကုန်းထလာတော့သည်။

အိမ်ရှေ့တံခါးမကြီးကို ဖွင့်ရန် ဖြတ်အသွား. . .၊ လမ်းတစ်လျှောက် ဘေးကပ်ထားသော အဝတ်ဖြူအုပ်ထားသည့် ထမင်းတောင်းကြီးများကို လက်ဖြင့် အသာ စမ်းကြည့်လိုက်တော့ နွေးနွေးထွေးထွေး ရှိနေဆဲပင်။

မနေ့ည ညဦးပိုင်းကတည်းက ဆွမ်းချက်အဖွဲ့က ဆွမ်းထမင်း ဆွမ်းဟင်းတွေကို တောင်းကြီးများ၊ ဒန်အိုးကြီးများဖြင့် လာပို့သွားခဲ့သည်။ သားနှင့်သမီးကတော့ ကလေးများပီပီ လူရှုပ်ရှုပ်၊ ရုတ်ရုတ် ရုတ်ရုတ်နှင့် ပြုံးပြုံးရွှင်ရွှင်မြင်ကြတော့ ပျော်ကာ ခုန်ဆွခုန်ဆွ ဖြစ်နေကြ၏။

"မေမေ ဒီထမင်းတွေက ညကတည်းက ချက်ထားရတာ ဟုတ်လား။

mgyoe.com

mgyoe.com
SAMPLE BOOK

ဒါဆို မနက်ရောက်ရင် အေးကုန်မှာပေါ့. . . ”

သားကြီးက ဆယ်နှစ်ကျော်နေပြီဆိုတော့ တွေးတွေးဆဆလေး မေးတတ်လာပြီ။

“မအေးအောင်လို့ ပိတ်ဖြူတွေနဲ့ကာရံပြီး အုပ်ဆိုင်းထားတာပေါ့ သားရယ်။ ဒါမှ မနက်ထိ နွေးနေမှာလေ. . . ”

သမီးကလည်း ထမင်းတောင်းတွေကို သူ့အစ်ကိုကိုင်သလို တစ်တောင်းချင်း လိုက်ကိုင်ကြည့်ပြီး စပ်စုနေလေသည်။

သူတို့လေးတွေ ပျော်ရွှင်တက်ကြွနေတာကို မြင်ရတော့ ချစ်ရသည့်မိသားစုနှင့်အတူ အလှူဒါန ရေစက်ဆုံရတော့မည်မို့ ကြည်နူးပီတိ အတိုင်းမသိဖြစ်မိရ၏။

“မနက်ကျရင် ဘုန်းကြီးတွေ အများကြီး မီးတို့အိမ်ရှေ့ကို လာမှာပေါ့နော်။ မီးတို့က ဒီထမင်းတွေ ဟင်းတွေကို လှူရမှာလား။ မီးလည်းပါမှာနော် မေမေ။ သမီးကိုလည်း ဘုန်းကြီးတွေလာရင် နှိုးနော်. . . ”

သုံးနှစ်အရွယ် သမီးငယ်က သူအိပ်ပျော်နေတုန်း အလှူပွဲလွတ်သွားမည်စိုးကာ သူ့ကိုနှိုးဖို့ တတွတ်တွတ်မှာနေသည်မှာ ဘယ်နှကြိမ်မြောက်မှန်းမသိ။

“သမီးရဲ့ ဘုန်းကြီးကို ကြွလာမှာလို့ ပြောရတယ်. . . ”

“သြော်. . ဟုတ်ကဲ့။ ဘုန်းကြီးတွေ ကြွလာရင် နှိုးပါနော်မေမေ. . . ”

“အင်းပါ သမီးလေးရယ်. . . ”

သူ့အမှားကို လျှာလေးတစ်လစ်နှင့် ချစ်စရာကောင်းစွာ ပြင်ပြောပြီးသည်နှင့် သမီးက သူ့အစ်ကိုနားကို ပြေးသွားတော့၏။

ကျွန်မဘဝမှာ သည်အရွယ်ထိ အလှူဒါနပေါင်းများစွာ လုပ်ဖူးခဲ့ပြီ။ ဒီမနက်ခင်း အလှူလောက် ရိုးရှင်းပြီး ပီတိဝေမိတာမျိုး မရှိဖူးခဲ့သေး။

အတွေ့အကြုံထူးကြောင့် မြူးထူးနေကြသည့် သားနှင့်သမီးကလည်း ထမင်း၊ ဟင်းတောင်းတွေကြားမှ မခွာကြတော့။ ကလေးတွေ ပျော်ရွှင်တက်ကြွနေပုံကို ကြည့်ရသည်မှာ ကျွန်မ ငယ်ငယ်ကအတိုင်းပင်။ အမှန်တော့ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တို့ ထုံးစံအတိုင်း သည်လို အလှူအတန်းမျိုးစုံကို ကျွန်မဘဝတစ်လျှောက်မှာ မိဘများနှင့်အတူ ကြုံခဲ့ဖူးပေါင်း မနည်းလှပါ။

မိဘတွေကလည်း အလှူအတန်း ရက်ရောကြသည်မို့ ရာသီအလိုက် အလှူပွဲမျိုးစုံရော၊ ဘုန်းကြီးကျောင်းအတွက် ပစ္စည်းလေးပါး ဒါယိကာအဖြစ်ရော၊ လစဉ်ဆွမ်းချိုင့်များရော၊ အလှူရေစက် လက်နှင့်ပြတ်သည်ဟူ၍ မရှိခဲ့။

mgyoe.com

mgyoe.com
SAMPLE BOOK

သည်လို လျှချင်တန်းချင်စိတ်ကလည်း မိဘတွေချပေးလိုက်သည့် မျိုးစေ့ဟု ဆိုလျှင် မမှားပါ။

သို့ပေမဲ့ ငယ်တုန်းကတော့ နိဗ္ဗာန်ရောက်ကြောင်းအတွက် အထောက်အပံ့ဟူသည့် အသိနှင့် လျှဒါန်းခြင်းမျိုး မဟုတ်ခဲ့။ မိဘများလုပ်သည့် ကောင်းသောအမှုမို့ ပျော်ရွှင်တက်ကြွစွာ လိုက်လုပ်သည်သာရှိ၏။ ရည်ရွယ်ချက် မရှိခဲ့။

ကုသိုလ်ရသည်ဟု လူကြီးများအပြောမှာ ကြည်နူးသည်သာ ရှိ၏။ ကုသိုလ်၊ အကုသိုလ်ကိုလည်း ကောင်းစွာ မခွဲခြားတတ်ခဲ့။

အရွယ်ကလည်း အလွန်ငယ်သေးသည်ကိုး။

သည်လိုနှင့် အချိန်တွေကျော်လွန်ကာ တဖြည်းဖြည်း အရွယ်ရောက်လာတော့ ကုသိုလ်၊ အကုသိုလ် ခွဲခြားတတ်ခဲ့ပြီ။ မိသားစုနှင့်အတူ ပြုခဲ့သမျှ အလှူအတန်းတွေမှာ ရည်ရွယ်ချက်တွေ ထားတတ်လာသည်။

အသက်အရွယ်အလျောက် စာမေးပွဲအောင်ဖို့၊ အလိုဆန္ဒပြည့်ဝဖို့၊ အကြံအစည်ပြီးမြောက်ဖို့၊ လုပ်ငန်းကိုင်ငန်း အဆင်ပြေစေဖို့. . .၊ စသဖြင့် ရည်ရွယ်ချက်မျိုးစုံ၊ ဆုတောင်းမျိုးစုံ။

သို့ပေမဲ့ ဒါတွေသည် ကိလေသာတောမှာ သံသရာရှည်စေမည့် သမုဒယနွယ်တွေမှန်းတော့ မသိတတ်ခဲ့သေးပါ။

❑

ဆွမ်းလောင်းအသင်းမှ အဖွဲ့ဝင်များ ရောက်လာသည်နှင့် သားနှင့် သမီးကို နှိုးပြီးချိန်မှာ ကွက်တိဖြစ်နေ၏။

စားပွဲနှင့် ခုံတန်းရှည်များခင်းကာ ထမင်းတောင်း၊ ဟင်းတောင်းတွေ တင်ပြီးချိန်တွင် ပထမဦးဆုံး ဆွမ်းခံသံဃာတန်းကလည်း ကြွလာလေပြီ။

ရောင်နီပျို့မလာသေးသလို လမ်းမီးများလည်း မငြိမ်းသေး။ သို့ပေမဲ့ ကျွန်မရင်ထဲမှာ ပီတိသောမနဿဖြင့် ထိန်လင်းနေသလို၊ မြတ်နိဗ္ဗာန်ကို ရည်မှန်းကာ ဆွမ်းလောင်းလှူနေခိုက်မှာ ကိလေသာမီးများ တဒင်္ဂတော့ ငြိမ်းအေးနေရလေသည်။

ပကာသန မပါ။ အရိုးရှင်းဆုံး အလှူလေးအတွက် ပီတိအဟုန်က အနှစ်နှစ်အလလ ပျိုးလာရသည့် သဒ္ဓါမျိုးစေ့မှ အပင်ပေါက်လေပြီဟု တလှိုက်လှိုက် ကြည်နူးလှပါ၏။

တဖြည်းဖြည်းနှင့် သံဃာတန်းကြီး စီတန်းနေသည်မှာ တသီတတန်းကြီးဖြစ်လာသည်။ တစ်ချို့ကျောင်းတိုက်များက ဆွမ်းထမင်းကိုသာ အလှူခံကာ ဆွမ်း

mgyoe.com

mgyoe.com
SAMPLE BOOK

ဟင်းကို သပိတ်ထဲ အလှူမခံတော့ဘဲ ကျောင်းသားလေးများက ချိုင့်ဖြင့် သပ်သပ် အလှူခံပေး၏။

ဘုန်းကြီးကျောင်း နှစ်ကျောင်းသုံးကျောင်းမှ ဆွမ်းခံကိုယ်တော်တွေ ဆုံမိကြလျှင်တော့ တစ်လမ်းလုံးပြည့်လျှံကာ အလျင်မီ လောင်းလှူနိုင်ဖို့အတွက် စိတ်စောမိရတော့သည်။

သည်လိုဆိုတော့ ဆွမ်းလောင်းအဖွဲ့မှ သံဃာတန်းကို နှစ်တန်းခွဲစေကာ နှစ်နေရာ ပြိုင်တူလောင်းလှူနိုင်ရန် စီစဉ်ပေးကြ၏။

"မေမေ ဒီကိုရင်လေးက ခုနကတစ်ခါ သား ဆွမ်းဟင်းလောင်းပြီးသားကို ထပ်လာခံတာ သိလား. . ."

ရုတ်တရက် နှစ်ဦးသားကြားရုံ ခပ်တိုးတိုး သားအပြောကြောင့် ကြည်နူးနေသည့်စိတ်ကလေး ဖျတ်ခနဲ အရှိန်တန့်သွားရသည်။

"အို မဖြစ်နိုင်တာ သားရယ်။ သားထင်လို့ပါ။ မျက်နှာချင်းဆင်လို့ နေမှာပါ။ အလှူပေးနေချိန်မှာ အဲလို သံသယစိတ်တွေ မဝင်စေနဲ့သား။ ကိုယ်က လှူပြီဆိုကတည်းက စိတ်ပြတ်ပြီးမှ လှူရတယ်။ အလှူခံပုဂ္ဂိုလ်ရှိမှလည်း အလှူဆိုတာက ဖြစ်မြောက်အောင်မြင်တာ။ ခုချိန်မှာ ဘယ်လိုအနှောင့်အယှက်မှ စိတ်ထဲ မဝင်စေနဲ့နော်. . ."

သားကိုလည်း ဆုံးမရင်း ကိုယ့်စိတ်ကိုလည်း ပြုပြင်ရင်း အလှူမှာသာ အာရုံပြန်နှစ်လိုက်ပါသည်။

ကောင်းသောအလုပ် လုပ်နေစဉ်မှာ အဖျက်အဆီးဝင်ခြင်းကို မာရ်နတ်ဟုဆိုပါလျှင် ကိုယ်တိုင်၏စိတ်သည်သာ မာရ်နတ်လည်း ဖြစ်နိုင်သလို နတ်ကောင်းနတ်မြတ်လည်း ဖြစ်နိုင်သည်ပဲ မဟုတ်လား။

ဆွမ်းလောင်းလှူစဉ်မှာလည်း သတိပဋ္ဌာန်တရားကို ကြိုးစားပြီး နှလုံးသွင်းမိရသည်။ ဆွမ်းလောင်းနေသည့် ရုပ်ခန္ဓာသည် လက်ကို ရုပ်ချည်ဆန့်ချည်၊ ဆွမ်းကို ခူးချည်ခပ်ချည်။ ဖြစ်လိုက်၊ ပျက်လိုက်၊ အဆက်မပြတ်အောင် အစားထိုးလိုက်။

ကြီးမားသည့် ပီတိအဟုန်ကလည်း ဖြစ်လိုက်၊ ပျက်လိုက်၊ အစဉ်တန်းပြီး မပြတ်အစားထိုးလိုက်။

မြတ်စွာဘုရား၏ တရားတော်သည် မိမိခန္ဓာနှင့် တိုက်ဆိုင်ကြည့်လေ၊ မှန်လေစွ၊ ဟုတ်လေစွဟု သဒ္ဓါတိုးကာ ကြည်ညိုရလေ။

မြတ်စွာဘုရား၏ သားတော်များကလည်း ကြည်ညိုဖွယ်ရာ ဣန္ဒြေ

mgyoe.com

mgyoe.com
SAMPLE BOOK

အပြည့်ဖြင့်။

သည်လို ရဟန်းသံဃာများက ဗုဒ္ဓ၏တရားတော်များကို ခုချိန်ထိ သယ်ဆောင် စောင့်ထိန်းပေးထား၍သာ ကျွန်မတို့လို သံသရာမှ မလွတ်နိုင်သေးသူတွေအဖို့ နိဗ္ဗာန်ရောက်ကြောင်း တရားထူးတရားမြတ်များ နာကြားခွင့်ရခဲ့သည် မဟုတ်လား။

သို့ကြောင့်လည်း ဤကျေးဇူးတရားကို အောက်မေ့၍ မြတ်နိဗ္ဗာန်ကို ရည်မှန်းကာ နေ့တစ်နေ့၏ အဦးအစမှာ အရှဏ်ဦးအလှူအဖြစ် မြို့ရှိသံဃာကုန် ဆွမ်းကပ်လှူရန် ဆန္ဒပြင်းထန်ခဲ့သည်မှာ ကာလအတန်ကြာခဲ့ရလေသည်။

ကျွန်မက ပကာသနအရေခြုံကာ ရွှေရောင်စိန်ရောင်ရောသည့် ဟန်ဆောင်အပြုံးတွေ လင်းလက်တောက်ပနေသော အလှူမျိုးကို လုပ်ရန် စိတ်မဝင်စားပါ။ ကျွန်မတို့ မင်္ဂလာဦးတုန်းက မင်္ဂလာဧည့်ခံပွဲအစား ဆွမ်းကျွေးမင်္ဂလာလေးသာ ပြုလုပ်မည်ဟု စီစဉ်ခဲ့ကြဖူး၏။

နှစ်ဖက်မိဘတွေက ဧည့်ခံပွဲနှင့် ဒင်နာကို တိုင်ပင်ညှိနှိုင်းနေကြဆဲ။ တစ်ဖက်က ဧည့်ခံပွဲလုပ်ပေးလျှင် တစ်ဖက်ကလည်း ဒင်နာလုပ်မည်ဟု ဂုဏ်ပြိုင်နေကြဆဲ။ ကျွန်မတို့နှစ်ယောက်က ဘုန်းကြီးကျောင်းမှာ ဆွမ်းကျွေးဖို့ လျှာဒါန်းစီစဉ်လာသည်မို့ ဆွေမျိုးများ ဆူပူကာ ငြူစူကြသည်ကို ခံခဲ့ရဖူး၏။

သို့ပေမဲ့ နောက်ဆုံးတော့လည်း ဆွေမျိုးအားကို မလွန်ဆန်နိုင်ပြန်ပါ။

ဘုန်းကြီးကျောင်းမှာ မနက်ပိုင်း မင်္ဂလာဆွမ်းကပ်ကာ ညပိုင်းမှာ ဧည့်ခံပွဲလုပ်ဖြစ်ခဲ့ကြပါသည်။

အဲသည်အချိန်ကတော့ ငယ်ရွယ်သူများဖြစ်သည့်အလျောက် အလှူဆိုသော်လည်း ဘယ်လိုစိတ်အာရုံမျိုး နှလုံးသွင်း လှူရကောင်းမှန်း မသိတတ်ခဲ့။ ညဖက်မှာ ဧည့်ခံပွဲကလည်းရှိသေးတော့ လူတွေကသာ ဘုန်းကြီးကျောင်းမှာ။ စိတ်က ညပွဲအတွက် ပူပန်ကာ စေတနာသဒ္ဓါတရားမှာ အာရုံမမိဘဲ သတို့သမီးအလှပြင်ဖို့၊ မိတ်ကပ်လိမ်းဖို့၊ ဆံထုံးထုံးဖို့ အချိန်မမီမည်စိုး၍ နာရီတကြည့်ကြည့်။

သည်ကြားထဲ ကိုယ်တွေ သမီးယောက်မ ညီညွတ်ချစ်ခင်စိတ်နှင့် ချိတ်ထမီ ဆင်တူဝတ်ဖို့ စီစဉ်ထားသည်ကို အဝေးမှ ရောက်လာသူ ဆွေမျိုးတွေက ကန့်ကွက်ကြတော့၏။

"အို ကြံကြံဖန်ဖန်။ သတို့သမီးနဲ့ ဆင်တူဝတ်စရာလားအေ။ သတို့သမီးဆိုတာ အားလုံးထက် အထူးခြားဆုံး ဖြစ်နေရမှာ။ ဆင်တူဝတ်ရအောင် သတို့သမီး

mgyoe.com

mgyoe.com
SAMPLE BOOK

အရံတွေမှ မဟုတ်ဘဲ. . . ” ဟု ဆိုသူကဆို။

“နင့်ယောက်မတွေ ကြည့်ရတာ တော်တော်ထက်ပုံပဲနော်။ နင်က အေးတိ အေးစက်နဲ့ဆိုတော့. . .။ ကြည့်လည်း ပေါင်းဦး. . . ” ဟု စေတနာလိုလို ဝေဒနာလိုလို စကားသပ်ထိုးသူ မိတ်ဆွေတွေက တစ်မျိုး။

ကိုယ်တိုင်ကလည်း ငယ်ရွယ်သူမို့ စိတ်မထားတတ်သေးသည်လား မသိ။ အာရုံတွေနောက်ကာ မင်္ဂလာဦးမှာ ဘာမင်္ဂလာမှ မဦးနိုင်ခဲ့ပါ။

မနက်ခင်းအလှူမှာလည်း ညစ္စည့်ခံပွဲအတွက် စိတ်များပြီး ကုသိုလ်စိတ် ကြည်ကြည်လင်လင် အာရုံမပြုနိုင်ခဲ့။ ညစ္စည့်ခံပွဲကျတော့လည်း လူတွေ တရုန်းရုန်းနှင့်၊ မိဘဆွေမျိုးများ၏ မိတ်ဆွေတွေရော၊ ကိုယ်မသိသူတွေရော၊ အရင်က မြင်ဖူးဖူး မမြင်ဖူးဖူး၊ အားလုံး ကိုယ့်စည်းဝိုင်းထဲဝင်လာလျှင် အစွမ်းကုန် သွားဖြဲ လေးနှင့် ကြိုဆို။ တဖျပ်ဖျပ် ကင်မရာမီးရောင်တွေ၊ ဗီဒီယိုမီးရောင်တွေကြား၊ ခန်းမ ပတ်ပြီး လက်တွဲလျှောက်နေရသည်ကလည်း စိတ်အိုက်စရာ။

သည်လိုနှင့် ရှုတ်ရှုတ် ရှုတ်ရှုတ်၊ ရှုပ်ရှုပ် ရှုပ်ရှုပ်တွေကြားထဲ တလှုပ်လှုပ် စီးမျောရင်း ပြီးတော့လည်း ပြီးသွားကြသည်ပါပဲ။

ခုချိန်မှာ ပြန်တွေးကြည့်တော့ စေတနာစကားလေးတွေကို စေတနာလို့ မသိခဲ့တော့ အကုသိုလ်တွေဖြစ်။ ကုသိုလ်ယူရမယ့်အချိန်မှာ ကုသိုလ် မယူတတ်တော့ မင်္ဂလာမဖြစ်။ ငွေကုန်ကြေးကျသာ များခဲ့ပြီး တကယ်တမ်းတွင်တော့ ကျက်သရေ မင်္ဂလာ အပြည့်အဝရခဲ့မည် မထင်ပါ။

သို့ကြောင့်လည်း အတွေးအခေါ်လေး ရင့်ကျက်လာသည်နှင့်အမျှ ကုသိုလ်၊ အကုသိုလ် ခွဲခြားတတ်လာသည့်အချိန်တွင် တကယ်မင်္ဂလာရှိမည့် အလှူ လေးတစ်ခုဖြစ်မြောက်ဖို့ စိတ်ကူးရည်မှန်းခဲ့ရ၏။ ငွေကြေးလေး ပိုလျှံတိုင်း သည် အလှူလေးအတွက် ကြိုးစားကာ စုဆောင်းခဲ့၏။

တော်တန်ရုံ ရှောင်လွှဲ၍ရသော အသုံးစရိတ်များကို ချွေတာကာ စုဆောင်း ရင်း တစ်စတစ်စ ငွေလေးစုမိလာတော့ အလှူလေးကို စိတ်ကူးဖြင့် ကြည်နူးနေမိ ရ၏။ ဤသည်ကား မလှူခင်ကတည်းက ဖြစ်ခဲ့ရသောပီတိ။ စေတနာ။

ယခု လှူဒါန်းချိန်မှာလည်း စေတနာရှိသလောက် အစွမ်းကုန် မဟုတ် သော်ငြား ကိုယ့်ငွေကြေးလေးနှင့် လက်လှမ်းမီသည့် ကိုယ့်စိတ်ကြိုက် ဟင်းကို လည်း စီစဉ်ခွင့်ရသဖြင့် ကြည်နူးပီတိက အပြည့်။ ဤသည်ကား အလှူလုပ်နေစဉ် အတွင်း ဖြစ်နေရသော ပီတိ။ စေတနာ။

mgyoe.com

mgyoe.com SAMPLE BOOK

သည်တစ်ကြိမ် အလှူလုပ်ပြီးသွားသော်၊ နောက်ထပ် သည်လိုအလှူမျိုး သေချာပေါက် ထပ်လုပ်ရန် အကြိမ်ကြိမ် ကြိုးစားနေဦးမည်မို့ ဤသည်ကလည်း ပြန်တွေးတိုင်း ကျေနပ်ကြည်နူးနေမည့် ပီတိ။ စေတနာ။

သည်လို စေတနာသုံးတန်နှင့် ကျက်သရေရှိလှသည့် အလှူမျိုးသည်သာ မင်္ဂလာအရှိဆုံး။ ကျွန်မတို့ ဘဝအတွက် ကိုယ်ပိုင်ဝင်ငွေဖြင့် ပထမဦးဆုံး ကုသိုလ်ယူရသည့် မင်္ဂလာဦးအစစ်။

သည်လို မင်္ဂလာအလှူမျိုး ကျွန်မတို့မိသားစုအတွက် အဦးဆုံးအကြိမ်မှသည် နောက်ထပ်အကြိမ်ပေါင်း များစွာ. . . ။

နောက်ထပ် မင်္ဂလာများစွာ. . . ။

"မေမေ ဘာလို့ မျက်ရည်တွေဝဲနေရတာလဲ။ အိပ်ချင်လို့လားဟင်. . . "

သမီးအသံကြားခါမှ ပီတိကြောမှာ မျောသွားသော ကိုယ့်ကိုယ်ကိုယ် သတိပြန်ကပ်မိရ၏။

"မဟုတ်ပါဘူး သမီးရယ်။ အလှူလေးကိုကြည့်ပြီး ကြည်နူးပီတိဖြစ်လွန်းလို့ မျက်ရည်လည်မိတာပါ. . . "

"နောက်လည်း ဒီလိုမျိုး ခဏခဏ လှူကြရအောင်နော် မေမေ။ မီးလည်း ပျော်တယ်. . . "

သမီးစကားကြောင့် ကြည်နူးနေသော ကျွန်မရင်မှာ ပို၍ ကျေနပ်မိရပါတော့သည်။

မိရိုးဖလာဆိုသော်လည်း ငယ်ရွယ်နုနယ်စဉ်မှာ မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ် ဆိုသည့် မိဘဝတ္တရားအတိုင်း၊ ကောင်းမွန်ရာလမ်းဖြစ်သည့် သာသနာတော်အတွက် သဒ္ဓါမျိုးစေ့ကိုတော့ သားနှင့်သမီးအတွက် ရင်ထဲသို့အရောက် ပျိုးပေးနိုင်ခဲ့ပြီဟု ယုံကြည်ရပါသည်။

မိရိုးဖလာမှသည် ကိုယ်ပိုင်အသိဖြင့် ကိုယ်တိုင် ယုံကြည်သက်ဝင်လာမည့် ဗုဒ္ဓဘာသာစစ်စစ် ဘဝကိုတော့ဖြင့်၊ တဖြည်းဖြည်း အရွက်ကျင်း၍ လင်းလာသော မနက်ခင်းလေးပမာ၊ သားနှင့်သမီးဘဝမှာလည်း တစ်စတစ်စ လင်းပွင့်လာမှာ သေချာသည်ဟုသာ. . . ။

***Next Magazine***

***June, 2014***

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# နံနက်ခင်း၏ ခြေလှမ်းများ

မနက်ခင်းစောစော အရသာနှင့် ဝေးခဲ့သည်မှာ အတော်ပင်ကြာခဲ့လေပြီ။

ကြာပြီဆိုသည်ထက် မနက်ခင်းစောစော အရသာများ ကျွန်မဘဝတွင် နည်းခဲ့သည်ဆိုပါက ပိုမှန်ပေလိမ့်မည်။

ကျွန်မက အိပ်ရာစောစောထလေ့ မရှိပါ။ ညဉ့်နက်နက်အထိ စာရေး စာဖတ် လုပ်တတ်သူမို့ ငယ်စဉ်ကတည်းက မနက်ခင်းစောစော အရသာကို ကြုံရခဲ၏။ အရုဏ်ဦးအချိန်သည် ကျွန်မဘဝအတွက် ရှာမှရှားသောမြင်ကွင်း. . . ။ လက်ချိုးရေလို့ပင်ရဦးမည့် အကြိမ်အရေအတွက်သာ မြင်ခဲ့ရဖူးမည်ထင်ပါသည်။

သည်မနက်တော့ ခပ်စောစောလေး အိပ်ရာမှနိုးလာမိတော့ ဆောင်းမနက်ခင်းအရသာကို သိသိသာသာ ခံစားလိုက်ရသည်။ အချိန်က သိပ်မစောလှတော့ပါ။ သို့ပေမဲ့ အလင်းက မပီပြင်သေး။

ဆောင်းရောက်ပြီဆိုလျှင် မနက်စောစော လမ်းလျှောက်ချင်လာသည်မှာ ဘယ်ကတည်းက အစပျိုးလာသည့် စိတ်အာသီသမှန်းမသိပါ။ လူက အေးအေးလေးနှင့် ဆက်ကွေးချင်သေးသော်လည်း လန်းလန်းဆန်းဆန်းနှင့် လှမ်းရမည့် ခြေအစုံက သွေးကြွနေလေပြီ။

ခင်ပွန်းသည်ကို အဖော်စပ်တော့ ချက်ချင်းပင် တက်တက်ကြွကြွ ထလာကာ မျက်နှာသစ်၊ ဝတ်စုံလဲလေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ဦးသား လမ်းလျှောက်ဖိနပ်ကိုယ်စီနှင့် လမ်းမပေါ် ရောက်ချိန်မှာတော့ နှင်းမြူပိုးတဝါးကြောင့် နေထွက်မလာနိုင်သေးသော်လည်း မိုးကဖြင့် လင်းလုနေပြီ။ သို့ပေမဲ့ လမ်းပေါ်မှာ လူသူ မရှိလှသေး။

မနက်ခြောက်နာရီဆိုသည်မှာ အရုဏ်တက်ကို အတော်လေးကျော်လာပြီ ဖြစ်သော်လည်း လုပ်ငန်းခွင်ဝင်ရန်မှာတော့ စောနေသေးသည်။

အချို့အိမ်များက တံခါးဖွင့်ကာ လူရိပ်လူယောင် တွေ့နေရပြီဖြစ်ပေမဲ့ အများစုက အိပ်ကောင်းနေကြဆဲသာ။ မြို့ကလေးမှာ မနိုးထချင်သေးဘဲ အိပ်ရာထဲ လူးလိမ့်ဆဲသာ ရှိပါသေးသည်။

မနက်ခင်းလေသည် လတ်ဆတ်ကာ အေးမြကြည်လင်နေ၏။ မီးခိုးနှင့် ညော်နံ့များ မပီပြင်၊ စွန်းထင်းကာစပဲ ရှိသေးသည်။ မနက်စောစောဖွင့်သည့် အကြော်ဆိုင်တချို့နှင့် မော်တော်ယာဉ်တစ်စီးတလေသာ တွေ့ရသေးသည်လေ။

မြစ်ကမ်းနံဘေး လမ်းအတိုင်း လျှောက်လာကြသည်မို့ လေက ပိုရှင်းသန့်လာသလိုပင်။ သည်မှာ ပန်းခြံ၊ သည်မှာ တံတား၊ သည်မှာ သဲသောင်. . . ။ လမ်းကလေးမှာ အရင်ကလိုပင် မပြောင်းလဲပါ။

လွန်ခဲ့သည့်နှစ်များကလည်း ဆောင်းတွင်းရောက်လျှင် လမ်းလျှောက်ချင်လာသော ကာလအာသီသကြောင့် နှစ်တိုင်းလိုလိုပင် ဆောင်းရောက်တိုင်း လမ်းလျှောက်တတ်ခဲ့၏။ နွေနှင့်မိုးကတော့ လမ်းလျှောက်ချင်စိတ်ကို ပျက်ပြယ်စေသည်မှာ ပူအိုက်သည်ကတစ်မျိုး၊ မိုးတစိစိက တစ်ဖုံ၊ စိတ်အနှောင့်အယှက် ပေးလှသည်ကိုး။

လမ်းလျှောက်ဖိနပ်၏ ပေါ့ပါးမှုသည် ဒေါက်ဖိနပ်ထက်တော့ အဆများစွာ သွက်လက်တက်ကြွစေသည်လား။ ကျွန်မတစ်ကိုယ်လုံး မြောက်ကြွကာ သွက်လက်ပေါ့ပါးနေ၏။

"ဖြည်းဖြည်းလျှောက်ပါ ဆရာမကြီးရယ်. . . " ဟူသော ခင်ပွန်းသည်၏ ပြုံးစနနအပြောကို "နှင်းဆီဆောင်သူလေ. . . ။ သိတယ်မဟုတ်လား။ ဟိုက်ကင်ကျွမ်းတယ်. . . " ဟု အမှတ်မထင် ခွန်းတုန့်ပြန်မိသွားရလောက်အောင်ပင်။

ဘုရားရေ. . . ။ ကျွန်မ ငယ်မူပြန်နေသည်ပါလား။

လမ်းလျှောက်ပြိုင်ပွဲမှန်သမျှ နှစ်စဉ်ပထမရနေကျ ကျွန်မတို့ နှင်းဆီဆောင်၏ ဂုဏ်ရည်က ခုချိန်ထိ ကျွန်မသွေးကို နွေးစေဆဲပဲကိုး။

ကျွန်မ၏ လက်ချိုးရေတွက်နိုင်သော အရုဏ်ဦးမနက်ခင်းများတွင် နှင်းဆီ

mgyoe.com

mgyoe.com SAMPLE BOOK

ဆောင်၏ သမိုင်းသည် အထင်ကရပါဝင်ခဲ့ပါသည်။ သည်လို ဆောင်းမနက်ခင်းများကတော့ အထင်ရှားဆုံးပေါ့။

ဆောင်းရာသီဆိုရင်ဖြင့် အားကစားပြိုင်ပွဲများ၏ အခါသမယပေပဲလေ။ နှင်းဆီဆောင်မို့ အားကစားပြိုင်ပွဲဆိုလျှင် ဟိုက်ကင်(လမ်းလျှောက်ပြိုင်ပွဲ)မှာတော့ နှစ်စဉ် ပထမရသည်သာ။

သည်လိုဆိုတိုင်း ကျွန်မက ပြိုင်ပွဲဝင် အားကစားသမားတော့ဖြင့် မဟုတ်ခဲ့ပါ။ ကိုယ့်အဆောင်နှင့် မောင်နှမဆောင်တို့အတွက် လက်ခုပ်တီးအားပေးသူသာလျှင် ဖြစ်ခဲ့ပါသည်။

ကျွန်မတို့ခေတ်က တက္ကသိုလ်ကျောင်းသူ ကျောင်းသားဘဝသည် အလွန်ပျော်စရာကောင်းခဲ့သည်မှာ ကြုံဖူးသူတိုင်းရော၊ မကြုံဖူးတော့သည့် ခုခေတ်ကလေးများကပါ မငြင်းနိုင်သည့်အချက် ဖြစ်၏။

အနယ်နယ်အရပ်ရပ်မှ ကျောင်းသားများ ရန်ကုန်တွင် စုတက်ရသည့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များဆိုလျှင် ပိုလို့ပင် အသက်ဝင်လှသည်ဟု ထင်မိသည်။

မြန်မာပြည်အရပ်ရပ်မှ လာဆုံကြသည်မို့ ယဉ်ကျေးမှုပေါင်းစုံ၊ ဓလေ့ထုံးစံမျိုးစုံ၊ ဗဟုသုတအဖုံဖုံ၊ စိတ်တွေကလည်း ရောင်စုံပင်. . .။ တစ်ယောက်နှင့်တစ်ယောက် ရေစက်ဆုံကြမှတော့ ဗဟုသုတဖလှယ်ကြ၊ ယဉ်ကျေးမှုဖလှယ်ကြ၊ ဓလေ့ထုံးစံ စောင့်ထိန်းကြနှင့်. . .။ နောက်ဆုံးတော့ အားလုံးက ခင်မင်ရင်းနှီးကာ စိတ်ချင်းနီးစပ်ကြရသည်သာ။

သမိုင်းဝင်းက မိန်းကလေးဆောင်များတွင် နယ်ပေါင်းစုံမှ လာသော ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် ကျောင်းသူများနေကြရပြီး နောက်ဆုံးနှစ်ရောက်လျှင်တော့ ပင်မတက္ကသိုလ်(မိန်း)ထဲမှ အဆောင်များသို့ ပြောင်းရွှေ့ရ၏။

ကျွန်မတို့ စီးပွားရေးတက္ကသိုလ် ကျောင်းသူများအတွက် သမိုင်းဝင်းမှာက နှင်းဆီ၊ ကံ့ကော်၊ ဂန္ဓမာနှင့် သရဖီ ဆိုပြီး အဆောင်လေးဆောင်ရှိကာ ကျွန်မက နှင်းဆီဆောင်သူဖြစ်ခဲ့သည်ပေါ့။

အဆောင်များက ကျောင်းပိတ်ရက်မနက်တိုင်း အစောကြီးထကာ လမ်းလျှောက်လေ့ကျင့်ရာတွင် ပြိုင်ပွဲဝင်များသာမက အဖွဲ့ဝင်အဆောင်သူတွေလည်း လေ့ကျင့်ခန်းယူရင်း လိုက်လျှောက်လေ့ရှိသည်။

တစ်ခါတစ်ရံ အိုကိုဆောင်ပေါင်းစုံ အဖွဲ့ဝင်တွေစုပြီး ကမ္ဘာအေးဘုရား၊

mgyoe.com

mgyoe.com SAMPLE BOOK
ရွှေတိဂုံဘုရားနှင့် နာဂလိုဏ်ဂူလိုမျိုး မြို့ထဲ အနီးအနားကို မနက်စောစော လမ်းလျှောက်ထွက်ကြသလို၊ တစ်ခါတလေတော့ သာစုကန်လိုမျိုး၊ တွံတေးဗောင်းတော်ချုပ်ဘုရားလိုမျိုး၊ ခပ်လှမ်းလှမ်းကိုလည်း ကားတစ်တန်၊ သင်္ဘောတစ်တန်၊ ခြေလျင်တစ်တန်ဖြင့် လမ်းလျှောက်ကျင့်ရင်း ပစ်ကနစ်သဘောမျိုး သွားဖြစ်ကြ၏။

သို့မို့ကြောင့် ကျွန်မက လမ်းလျှောက်ရမည်ဆို ဘယ်တော့မှ မညည်းညူတတ်ဘဲ အမြဲတက်ကြွနေတတ်သလို ခြေလှမ်းတွေကလည်း အင်မတန် သွက်လှသည်လေ။ သည်လို ခြေလှမ်းညီညီ ခပ်သွက်သွက် လှမ်းနေကြရင်း လမ်းဘေးမြေကွက်လပ်တစ်ခု အရောက်မှာတော့ နှစ်ဦးသား တိုင်ပင်စရာမလိုဘဲ အရှိန်အသာလျှော့ကာ ခေတ္တရပ်နားလိုက်ကြ၏။

သည်နေရာမှာ ယခင့်ယခင်နှစ်တွေက လမ်းလျှောက်တိုင်းလည်း အမောဖြေရပ်နားကာ သူက ခြေမြှောက်လက်မြှောက်ဖြင့် လေ့ကျင့်ခန်းလုပ်နေကျ။ ကျွန်မကတော့ လူမြင်ကွင်းမှာ လေ့ကျင့်ခန်းမယူလိုသူမို့ သူ့ကို ရပ်စောင့်ရင်း နှင်းမြူရစ်သိုင်းနေသော မြစ်ပြင်ရှုခင်းမှာ ငေးမောငြိမ့်သက်နေကျ။

ခုမှ ဆောင်းရာသီပီပြင်ကာစ ဒီဇင်ဘာလဆန်းဆိုသော်လည်း နွေရောက်ဖို့ အချိန်အတော်လိုသေးသည့်တိုင် သဲသောင်ခုံတွေက မြစ်ဧရာလက်ပြင်ကြောမှာ ဖွေးဖွေးထင်ထင် နေရာယူနေပြီ။

တစ်နှစ်ထက်တစ်နှစ် ပိုမို ပြန့်ပြောကျယ်လွင့်လာသော သည်သောင်ခုံတွေက ဧရာဝတီ၏ ယိုယွင်းလာသော ကျန်းမာရေးအတိမ်အနက်ကို လှစ်ဟပြနေသည့် ပြယုဂ်တစ်ခုအလား။ မြစ်ကြမ်းပြင်မြင့်တက်လာခြင်းက မြစ်ကြောင်းတစ်လျှောက် ရာသီအလိုက် မှီခိုတွဲဆက်နေသော ဂေဟစနစ်ကို ခြိမ်းခြောက်နေလေပြီ။

သောင်ဖြူလွလွသည် အမှတ်တမဲ့ကြည့်လျှင် လွမ်းမောဖွယ် သာတောင့်သာယာ ထင်ရသော်လည်း သေချာကြည့်လျှင်တော့ မြစ်ဧရာ၏ရင်ဘတ်တွင်းက ဒဏ်ရာဒဏ်ချက်များ အသားမာတက်၊ အနာရွတ်နက်လာသည်ကို ရင်ဖွင့်ပြနေသလိုပင်။ မြစ်ရှုခင်းကို ငေးမိတော့ သည်ပုံရိပ်နှင့်မတူ ကွဲပြားသော မြစ်ရှုခင်းတစ်ခုက အတွေးအာရုံထဲမှာ လွမ်းမောတမ်းတလှစွာ တရေးရေးထင်ရှားလာရ၏။

ကလေးဘဝက မိဘများတာဝန်ကျရာ လိုက်ပါရင်း ရောက်ဖူးခဲ့သည့် ကချင်ပြည်နယ်မှ မြို့ကလေးနံဘေးမှာ ကြည်လဲ့အေးချမ်းစွာ စီးဆင်းနေခဲ့သော မြစ်ဧရာ၏အစ မေလီခ။
mgyoe.com

mgyoe.com SAMPLE BOOK

သည်လို ဒီဇင်ဘာဆောင်းဆိုလျှင်တော့ မြူများထူပိတ်ကာ ရေခဲရည် အတိုင်း အေးခဲကျင်တက်စေသော၊ ကျောက်တုံး ကျောက်ဆောင်ကြားမှ ငါး၊ ပုစွန် တွေကိုပါ အတိုင်းသားမြင်နေရသည့် ဖန်သားပမာ ရေ၏ ကြည်လင်မှု. . .။ လောဘနည်းလှသော ဒေသခံတိုင်းရင်းသားများ၏ ရိုးသားဖြူစင်သည့်မေတ္တာ. . .။ ဖျက်လိုဖျက်ဆီးနည်းသော သဘာဝပတ်ဝန်းကျင်၏ သန့်ရှင်းလတ်ဆတ်သည့် လေ. . .။ သည်လို အဖိုးတန်လှသည့် သဘာဝ၏လက်ဆောင်များက နှစ်လို ဖွယ်ရာအတိ ဖြစ်ခဲ့၏။

အဲသည်အချိန်က လျှပ်စစ်မီးမရသေးသော်လည်း ပိုးစုန်းကြူးလေးတွေ မြူးလှသည့် လရောင်၊ ကြယ်ရောင်အောက်တွင်ပဲ မြို့ကလေးက ချစ်စရာကောင်း နေခဲ့သည်။

ရေပေးဝေရေးစနစ် မရှိသေး၍ မြစ်ရေကိုသာ ချောက်ကမ်းပါးက တက် လိုက်ဆင်းလိုက် ပင်ပန်းစွာ သယ်ခပ်သောက်သုံးခဲ့ရသော်လည်း မြစ်ရေသည် သန့်စင်ချိုမြိန်နေခဲ့သည်။

နွေနှင့် ဆောင်းမှာ ထွန်းတတ်သည့် သောင်ခပ်ပါးပါးလေးသည်ပင် မြေဩဇာအဆီအနှစ်ပြည့်သည်မို့ စိုက်ပျိုးကြဖို့ အဖိုးတန်ခဲ့ဖူး၏။ သောင်ခုံစိုက် ခင်းနားမှာ ကျင်းပခဲ့သည့် ကောက်သစ်စားပွဲတစ်ခုကိုပင် ဝေးလှသောအတိတ် ဆိုသော်လည်း မမေ့မလျော့ သတိရနေဆဲ။

မြို့ကလေးတစ်ဖက်ကမ်းမှ သောင်ခုံဆီ လှေတွေနှင့်ကူးကာ ကချင်ရိုးရာ ခေါင်ရည်နှင့် ဂျိန်းဖောအကတို့ဖြင့် မြူးထူးတက်ကြွ ပျော်ခဲ့ရ၏။ ကချင်ထမင်း၊ ဟင်းက ဖက်ထုပ်လေးတွေနှင့်မို့ ဖက်စိမ်းနံ့မွှေးမွှေးက စားချင့်ဖွယ်ရာ။

တော်ရုံအလှူ မင်္ဂလာဆောင်မှာပင် ပန်းကန်ခွက်ယောက် မသုံးကြ သဖြင့် ကျွန်မတို့လို မြေပြန့်သူတွေအတွက် ကျောက်စိမ်းပန်းကန်အဖြစ် တင်စား ချင်စရာ အမြင်ဆန်းကာ တစ်မျိုးဆွဲဆောင်လှ၏။

ခုတော့ နှစ်တွေကြာညောင်းလာခဲ့သလို၊ ခေတ်တွေစနစ်တွေလည်း အပြောင်းလဲကြီး ပြောင်းလဲခဲ့ပါပြီ။

မေလိခသည် အရင်လို ငြိမ့်ညောင်းကြည်လင် အေးမြသေးရဲ့လား။ တောင်ပေါ်လေကရော အရင်လို လတ်ဆတ်ရှင်းသန့် ဖြူစင်ပါသေးသလား။ ဒေသ ခံတိုင်းရင်းသားတို့ရဲ့ မေတ္တာတရားကရော စိတ်နှလုံးငြိမ်းသက်စေလောက်အောင် လောဘ၊ ဒေါသတွေကို သိမ်းပေးနိုင်ပါ့မလား။

mgyoe.com